# ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တက်စေရန် စနစ် အသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ (Construction Career Up System Terms of Use)

ဤအသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ဆောက်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေခြင်းအတွက် ရန်ပုံငွေဖောင်ဒေးရှင်း (အောက်တွင်「ဤဖောင်ဒေးရှင်း」ဟုခေါ်ဝေါ်သွားမည်) က ပံ့ပိုးပေးသည်။ ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တက်စေရန်စနစ်(Construction Career Up System) (အောက်တွင်「မိမိတို့ ၏ဝန်ဆောင်မှု」(Service)ဟုခေါ်ဝေါ်ပါမည်) ကိုဝန်ဆောင်မှုပေးမည့် စည်းကမ်းချက်များနှင့် ဤဖောင်ဒေးရှင်းနှင့် အသုံးပြုရန် မှတ်ပုံတင်မည့်သူတို့အကြား အခွင့်အရေး၊တာဝန်နှင့်ဝတ္တရားများကို သတ်မှတ်ထားပါသည်။ ဤဝန်ဆောင်မှုကို အသုံးပြုရာတွင် အောက်ပါအသုံးပြုရန် စည်းမျဉ်းစည်းကမ်းများ(အောက်တွင်「ဤစည်းမျဉ်းစည်းကမ်းများ」ဟုခေါ်ဝေါ်ပါမည်) ကို အစမှအဆုံးအထိ သေချာစွာ ဖတ်ရှုပြီး၊ဤစည်းမျဉ်းစည်းကမ်းများအပေါ် သဘောတူရန် လိုအပ်ပါသည်။ ထို့အပြင် ဤဝန်ဆောင်မှုကို အသုံးပြုရန် စတင်မှတ်ပုံတင်ပါက ထိုအချိန်မှစ၍ မှတ်ပုံတင်ရန် လျှောက်ထားသူသည် ဤစည်းမျဉ်းစည်းကမ်းများနှင့်သဘောတူညီမှု ရရှိပြီးသားဖြစ်သည်ဟု မှတ်ယူပါမည်။

## အပိုဒ် ၁။ ။ အသုံးပြုရန် စည်းမျဉ်းစည်းကမ်းများ၏ အကျိုးသက်ရောက်မှုများ

၁။ ဤစည်းမျဉ်းစည်းကမ်းများ၌၊ ဤဝန်ဆောင်မှုများကို မည်သို့မည်ပုံပေးရမည်ဟု သတ်မှတ်ထားခြင်းနှင့် မိမိတို့ ၏ဝန်ဆောင်မှုကို အသုံးပြုခြင်းနှင့်ပတ်သက်၍ ဤဖောင်ဒေးရှင်းနှင့် မှတ်ပုံတင်ထားသူ (Registered user)တို့အကြားရှိ အခွင့်အရေး၊ တာဝန်နှင့်ဝတ္တရားများကို သတ်မှတ်နိုင်ရန် ရည်ရွယ်ကာ၊ မှတ်ပုံ တင်ထားသူ(Registered user)နှင့်ဤဖောင်ဒေးရှင်းတို့အကြား၊ ဤဝန်ဆောင်မှုကို အသုံးပြုခြင်းနှင့် ပတ်သက်၍ အလုံးစုံသက်ဆိုင်ပါသည်။

၂။ ဤဖောင်ဒေးရှင်းက မိမိတို့ ၏ဖောင်ဒေးရှင်း၏ဝက်ဆိုဒ်တွင် ဖော်ပြထားသော ဤဝန်ဆောင်မှုကို အသုံးပြုခြင်းနှင့်ပတ်သက်သော စည်းကမ်းများ(http:// www.kensetsu-kikin.or.jp/ccus/)သည်၊ ဤစည်းမျဉ်းစည်းကမ်းများ၏ တစိတ်တဒေသကို ထုတ်နုတ်ကာဖော်ပြပါမည်။

၃။ ဤစည်းမျဉ်းစည်းကမ်းများတွင် ပါဝင်သောအချက်များက အထက်ဖော်ပြပါ စည်းကမ်းများ၊အခြားသော ဤစည်းမျဉ်းစည်းကမ်းများနှင့် မသက်ဆိုင်သည့် မိမိတို့ ၏ဝန်ဆောင်မှုနှင့် ပတ်သက်သော ရှင်းလင်းချက်များက ကွာခြားမှုရှိပါက၊ ဤစည်းမျဉ်းစည်းကမ်းများတွင် သတ်မှတ်ထားသည်များကို ဦးစားပေးလိုက်နာရပါမည်။

## အပိုဒ်၂။ ။အဓိပ္ပါယ်ဖွင့်ဆိုချက်

ဤစည်းမျဉ်းစည်းကမ်းများတွင် အသုံးပြုထားသည့်အောက်ပါစကားလုံးများသည် ၎င်းစကားလုံး အသီးသီးတို့၌ အောက်တွင်သတ်မှတ်ထားသော အဓိပ္ပါယ်များ ပါဝင်သည်ဟု ယူဆရမည်။

(၁) 「ဝန်ဆောင်မှုကို အသုံးပြုရန် စာချုပ်ချုပ်ဆိုခြင်း」 ဆိုသည်မှာ ဤစည်းမျဉ်းစည်းကမ်းများနှင့် မိမိတို့ ဖောင်ဒေးရှင်းနှင့် မှတ်ပုံတင်ထားသည့် အသုံးပြုသူတို့အကြားချုပ်ဆိုကြသည့် မိမိတို့ ၏ဝန်ဆောင်မှု(Service)ကို အသုံးပြုရန် စာချုပ်ချုပ်ဆိုခြင်းကို ဆိုလိုပါသည်။

(၂) 「အသိဉာဏ်ပညာဆိုင်ရာ အခွင့်အရေးများ」 (Intellectual property right) ဆိုသည်မှာ မူပိုင်ခွင့်၊ (Copyright)၊ မူပိုင်ခွင့် မှတ်ပုံတင်ပြီးသည်များ လက်တွေ့အသုံးချနိုင်မည့် တီထွင်မှုများ၊ (Patent right)၊ ဒီဇိုင်းမူပိုင်ခွင့်၊ (Design right)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် (Trademark)နှင့် အခြားသော အသိဉာဏ်ပညာဆိုင်ရာ အခွင့်အရေးများ(ထိုအခွင့်အရေးများကိုရရှိပြီး ၍သော်လည်းကောင်း၊ ထိုအခွင့်အရေးများအတွက် မူပိုင်ခွင့်မှတ်ပုံတင်ခြင်း စသည့်မှတ်ပုံတင်ခွင့်အပါအဝင်) တို့ကိုဆိုလိုခြင်းဖြစ်ပါသည်။

(၃) 「ဤဖောင်ဒေးရှင်း」 ဆိုသည်မှာ ဆောက်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေခြင်းအတွက် ရန်ပုံငွေဖောင်ဒေးရှင်း ကိုဆိုလိုပါသည်။

(၄) 「ဤဖောင်ဒေးရှင်း၏ဝက်ဆိုဒ်」 ဆိုသည်မှာ ထိုဒိုမိန်း(Domain)၏ အမည်က 「kensetsu-kikin.or.jp」 ဖြစ်ကာ၊ မိမိတို့ ၏ဖောင်ဒေးရှင်း ၏ကွပ်ကဲမှုအောက်တွင် ရှိသောဝက်ဆိုဒ် (တစုံတရာသောအကြောင်းရင်းကြောင့်၊ဤဖောင်ဒေးရှင်း၏ ဝဘ်ဆိုဒ်က ဒိုမိန်း(သို့)ဖော်ပြထားသော အကြောင်းအရာများပြောင်းလဲသွားပါက ထိုပြောင်းလဲပြီးသား ဝဘ်ဆိုဒ်အပါအဝင်)ကိုဆိုလိုပါသည်။

(၅) 「မှတ်ပုံတင်ထားသည့် အသုံးပြုသူ」 (Registered user) ဆိုသည်မှာ အပိုဒ် ၅တွင် ဖော်ပြထားသည်များကို အခြေခံထားသော ဤဝန်ဆောင်မှုကို ခံယူသူအနေဖြင့် မှတ်ပုံတင်ထားသော လူတစ်ဦးချင်း၊သို့မဟုတ် ကုမ္ပဏီ အဖွဲ့ အစည်းကို ဆိုလိုပါသည်။

(၆) 「မှတ်ပုံတင်ထားသည့် အသုံးပြုသူ」 (Registered user) တို့အနက် 「မှတ်ပုံတင်ထားသောပညာရှင်」 (Registered technician) ဆိုသည်မှာ ပညာရှင်အနေဖြင့် မိမိ၏ သတင်းအချက်အလက်များကို မှတ်ပုံတင်ထားကာ အများအားဖြင့် လုပ်ငန်းအတွေ့အကြုံများကို စုဆောင်းရန် အသုံးပြုသူကို ဆိုလိုပါသည်။ 「မှတ်ပုံတင်ထားသော လုပ်ငန်းရှင်」 ဆိုသည်မှာ လုပ်ငန်းရှင်အနေဖြင့် မိမိကုမ္ပဏီ၏အကြောင်းကို မှတ်ပုံတင်ခြင်း၊ အလုပ်ခန့်ထားသော ပညာရှင်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များတို့အပြင် ဆောက်လုပ်ရေး လုပ်ငန်းခွင်တို့နှင့် သက်ဆိုင်သောသတင်းအချက်အလက်များကို မှတ်ပုံတင်ခြင်း၊ ပညာရှင်၏ အလုပ်အတွေ့အကြုံများကို စုဆောင်းခြင်းနှင့် အလုပ်ခွင်၏လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲခြင်း အရည်အသွေးကို မြှင့်တင်ပေးခြင်း စသည်တို့ကို ရည်ရွယ်သည့်အသုံးပြုသူကို ဆိုလိုပါသည်။

(၇) 「မိမိတို့ ၏ဝန်ဆောင်မှု」 ဆိုသည်မှာ ဤဖောင်ဒေးရှင်းမှ စီစဉ်ပေးသော ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြှင့်တက်စေရန်စနစ် (Construction Career Up System) ဟု

အမည်ရသည့် ဝန်ဆောင်မှု (တစုံတရာသော အကြောင်းရင်းကြောင့် ဝန်ဆောင်မှု၏ အမည် သို့မ ဟုတ် ပါဝင်သည့် အကြောင်းအရင်းများက ပြောင်းလဲသွားပါက၊ အဆိုပါပြောင်းလဲသွားသည့် နောက်ပိုင်း၏ ဝန်ဆောင်မှုလည်း ပါဝင်ပါသည်) ကိုဆိုလိုပါသည်။

## **အပိုဒ် ၃ ။ ။ ပေးအပ်မည့် ဝန်ဆောင်မှုများ(Service)**

၁။ မှတ်ပုံတင်ထားသည့် ပညာရှင် (Registered technician) အား အောက်ပါဝန်ဆောင်မှုများ ပေးပါမည်။

(၁) မှတ်ပုံတင်ထားသော ပညာရှင်တစ်ဦးချင်းစီ၏ အချက်အလက်များကို သီးသန့်ခွဲခြားထားရန်နှင့်၊ ထိုပညာရှင်က ရရှိထားသောအောင်လက်မှတ်များနှင့် တက်ရောက်ခဲ့ဖူးသော မွမ်းမံသင်တန်းများ စသည့် ကျွမ်းကျင်မှုသင်တန်းတို့ကို မှတ်တမ်းတင်ထားရန်၊လူမှုအာမခံသို့ ဝင်ရောက်ထားခြင်းရှိ၊ မရှိ စသည့် ပ ညာရှင်၏အခြေခံ အချက်အလက်များကို မှန်ကန်သောနည်းလမ်းဖြင့် မှတ်တမ်းတင် ခြင်းနှင့် စုဆောင်း ခြင်းတို့ကို ပြုလုပ်ပါမည်။ထို့အပြင် ပညာရှင်ကမည်သည့်အခါက မည်သည့်လုပ် ငန်းခွင်တွင် မည်သည့် ရာထူး(အလုပ်သမားခေါင်း)စသည်တို့ဖြင့် အလုပ်လုပ်ခဲ့ဖူးသည့် ရာဇဝင်များ ကို မှတ်တမ်းတင်သမိုင်း ရာဇဝင်ကို မှတ်တမ်းတင်နိုင်စွမ်းရည်၊ထို့အပြင် အလုပ်သမား လုံခြုံရေး စီမံခန့်ခွဲမှုနှင့် လုပ်ငန်းခွင်(သို့)ဝင်၊ထွက်ရန် ရည်ရွယ်ထားသော ပုဂ္ဂလိကကုမ္ပဏီများ၏စနစ်(System) နှင့် ချိတ်ဆက်နိုင်စွမ်းရည်၊ သို့မဟုတ် စနစ် (System)သို့ တိုက်ရိုက် ရိုက်သွင်းနိုင်သည့် စွမ်းရည်ကို အသုံးပြုကာ၊ နေ့စဉ်ဝအလုပ်လုပ်ကိုင်သည့် ရလဒ်များနှင့်ပညာရှင်၏အလုပ်သမိုင်း အချက်အလက် များအနေဖြင့် စနစ်(System)အတွင်းသို့ မှတ်တမ်းတင်ခြင်း၊ စုဆောင်းခြင်းတို့ကိုပြုလုပ်ပါမည်။

(၂) မှတ်ပုံတင်ထားသောပညာရှင်(Registered technician)သည်မိမိ၏ ပညာရှင်အခြေခံသတင်းအ ချက်အလက်များ(လက်တွေ့ကျသည့်အကြောင်းအရာများကို ဆောက်လုပ်ရေးလုပ်သားများ၏ လုပ် ငန်းခွင်ကျွမ်းကျင်မှု မြှင့်တက်စေရန်စနစ်၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကာကွယ်စောင့်

ရှောက်ရေးမူဝါဒ (http:// www.kensetsu-kikin.or.jp/ccus/)တွင် ဖော်ပြထားပါမည်)နှင့် ပညာရှင်၏ လုပ်သက်ရာဇဝင် အချက်အလက်များ (လက်တွေ့ကျသည့်အကြောင်းအရာများကို ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင် ကျွမ်းကျင်မှုမြှင့်တက်စေရန် စနစ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ကာကွယ် ရေးမူဝါဒတွင် ဖော်ပြထားပါသည်။)ကို အချိန်မရွေးကြည့်ရှုနိုင်ကာ၊ မိမိ၏ အတတ်ပညာများ ပိုမိုကျွမ်း ကျင်လာစေရန်နှင့် အလုပ်သက်တမ်း အထောက်အထားအနေဖြင့်အသုံးချနိုင်ပါသည်။

(၃) အလုပ်လက်ခံရရှိနိုင်ရန် ရည်ရွယ်ကာ၊မှတ်ပုံတင်ထားသော ပညာရှင်နှင့် ၎င်း၏ အလုပ်ရှင်က သဘောတူထားသည့် နယ်ပယ်အတွင်းမှ ပညာရှင်၏ အခြေခံသတင်းအချက်အလက်များနှင့် ပညာရှင်၏လုပ်သက်ရာဇဝင်စသည်တို့ကို အခြားသော လုပ်ငန်းရှင်များက ဝင်ရောက်ကြည့်ရှုနိုင်ရန်၊ လုပ်ဆောင်ပေးနိုင်ပါသည်။

(၄) အနာဂတ်တွင် လုပ်ဆောင်ရန်ရှိသော ပညာရှင်၏ စွမ်းဆောင်နိုင်ရည် အကဲဖြတ်ခြင်း၏ ဖွဲ့စည်းမှုနှင့်ချိတ်ဆက်ကာ ပညာရှင်က မိမိ၏တတ်စွမ်းသော ပညာနှင့်အတွေ့အကြုံတို့နှင့် ကိုက်ညီသည့် အကဲဖြတ်ခြင်းကို ရယူကာ၊အလုပ်နှင့်လက်မပြတ်ဘဲ၊လစာခံစားခွင့်တို့ကို ပိုမိုကောင်းမွန်လာစေရန်၊ စနစ် (System)တွင် စုဆောင်းထားသော ပညာရှင်၏ အခြေခံသတင်းအချက်အလက်များနှင့် လုပ်သက်ရာဇဝင်သတင်းအချက်အလက်များကို အသုံးချပါမည်။

(၅) မှတ်ပုံတင်ထားသည့် ပညာရှင်သည်၊မိမိ၏အလုပ်ရှင်ကုမ္ပဏီအကြောင်း၊ရှိသင့်ရှိထိုက်သည့် ပညာရှင်များကို ခေါ်ယူခန့်ထားခြင်းရှိ၊မရှိ ပညာရှင်များကို မှန်ကန်စွာပြုစုပျိုးထောင်ပေးလျက်ရှိ၊ မရှိစသည့် သတင်းအချက်အလက်များ(အောက်တွင် ကုမ္ပဏီရှိ ပညာရှင်များ၏ သတင်းအချက်အလက်များဟု ခေါ်ဝေါ်ပါမည်)ကို ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

(၆) ဆောက်လုပ်ဆဲလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်မည့် ပညာရှင်သည် ပင်မကန်ထရိုက်တာ၊ အ

ထက်အဆင့်ကန်ထရိုက်တာနှင့် မိမိ၏လုပ်ငန်းရှင်ဖြစ်သည့် မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်အပေါ် တွင်၊ မိမိ၏ပညာရှင်ဆိုင်ရာ အခြေခံသတင်းအချက်အလက်များနှင့်ထိုဆောက်လုပ်ဆဲလုပ်ငန်းခွင်နှင့် သက်ဆိုင်သော မိမိ၏ ပညာရှင်လုပ်သက်ရာဇဝင်တွင် အချက်အလက်များကို ပြသရပါမည်။ (သို့သော် ဆောက်လုပ်ဆဲကာလအတွင်းသက်ဆိုင်သည့် အချက်အလက်များသာဖြစ်ရမည့်အပြင်၊ ထိုပညာရှင် ကိုယ်၌ကသော်လည်းကောင်း၊ သူ၏ကုမ္ပဏီက သော်လည်းကောင်း သဘောတူသည် ဖြစ်စေ၊မတူသည် ဖြစ်စေ) ပြသခြင်းအားဖြင့် တိကျမှန်ကန်ပြီး၊ အကျိုးရှိစွာဖြင့်၊ လုပ်ငန်းခွင်၏ လုပ်ဆောင်ရန် လုပ်ငန်းများ နှင့် ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သော ဖွဲ့စည်းပုံကို ရေးဆွဲကာ၊ လူမှုအာမခံနှင့်ဝင်ရောက်ထားခြင်းရှိ၊ မရှိကိုစစ်ဆေးခြင်း(ဆောက်လုပ်ရေးလုပ်ငန်းမှ အငြိမ်းစားထောက်ပံ့ကြေး အပြန်အလှန် အကူအညီပေးရေးစနစ်၏ အပြန်အလှန်ထောက်ပံ့ခြင်း လက်မှတ်(Mutual aid certificate)(အောက်တွင်(Kentaikyo shoshi) (ဆောက်လုပ်ရေး လုပ်ငန်းမှ အငြိမ်းစားများ အပြန်အလှန်ထောက်ပံ့ခြင်း တံဆိပ်ခေါင်း)ဟုခေါ်ဝေါ်ပါမည်) ကိုကပ်နိုင်ပါမည်။

၂။ မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်အပေါ်တွင် အောက်ပါဝန်ဆောင်မှုများ ပေးအပ်ပါမည်။

(၁) ဆောက်လုပ်နေဆဲ လုပ်ငန်းခွင်တွင် စနစ် (System)ကပံ့ပိုးပေးသော၊ လုပ်သက်ရာဇဝင် အချက်အလက်များ (သို့)အလုပ်သမားများ၏ လုံခြုံမှုစီမံခန့်ခွဲရေးနှင့် အလုပ်ခွင် ဝင်၊ထွက်မှုကို ထိန်းချုပ်ခြင်းစသည့် ရည်ရွယ်ချက် များအတွက်၊ရှိပြီးသားဖြစ်သည့် ပုဂ္ဂလိကစနစ်နှင့် ချိတ်ဆက်နိုင်ရန် စွမ်းရည် (သို့)စနစ်(System)သို့ တိုက်ရိုက်သွင်းနိုင်သည့်အတွက်၊ မိမိကုမ္ပဏီ၏ပညာရှင်များ၊မိမိကတည်ဆောက်နေသည့် လုပ်ငန်းခွင်တွင် လာရောက်လုပ်ကိုင်သည့် ပညာရှင်တို့၏ ပညာ ရှင်လုပ်သက်ရာဇဝင်သတင်းအချက်အလက်များကို စနစ်(System)တွင် မှတ်တမ်းတင်မည်၊စုဆောင်း ပါမည်။

(၂) မှတ်ပုံတင်ထားသောလုပ်ငန်းရှင်သည် မိမိကိုယ်တိုင်၏ လုပ်ငန်းရှင်သတင်းအချက်အလက်များ၊ မိ

မိ၏ကုမ္ပဏီ၏ ပညာရှင်များ၏ ပညာရှင်အခြေခံသတင်းအချက်အလက်များနှင့် ပညာရှင်လုပ်သက်ရာဇဝင်သတင်းအချက်အလက်များကို အချိန်မရွေးကြည့်ရှုနိုင်ကာ၊ပညာရှင်၏ရာဇဝင်နှင့် အောင်လက်မှတ်များကို မှန်ကန်စွာသိရှိနိုင်သည့်အပြင်၊ အကဲဖြတ်နိုင်ပါမည်။ ထို့အပြင် ဆောက်လုပ်ရေးလုပ်ငန်းမှ အငြိမ်းစား ထောက်ပံ့ကြေးအပြန်အလှန် အကူအညီပေးရေးစနစ်၏ အပြန်အလှန်ထောက်ပံ့ခြင်းလက်မှတ်(Mutual aid certificate)(အောက်တွင်(Kentaikyo shoshi)၊ (ဆောက်လုပ်ရေးလုပ်ငန်းမှ အငြိမ်း စားများ အပြန်အလှန်ထောက်ပံ့ခြင်းတံဆိပ်ခေါင်း)ဟုခေါ်ဝေါ်ပါမည်။)ကိုထုတ်ပေးရန် အချိန်တွင်လည်း အသုံးချနိုင်မည်ဖြစ်ပါသည်။

(၃) မှတ်ပုံတင်ထားသော လုပ်ငန်းရှင်သည် အခြားလုပ်ငန်းများ၏ သတင်းအချက်အလက် များနှင့် ထိုလုပ်ငန်းရှင်၏ပညာရှင်များ၏ သတင်းအချက်အလက်များကို ကြည့်ရှုနိုင်မည့်အပြင်၊ ထိုကုမ္ပဏီရှိပညာရှင်အရေအတွက်နှင့် လိုင်စင်ရှိသူအရေအတွက်၊ဝင်ထားသော အာမခံ၏နှုန်းတို့ကိုချင့်ချိန်ကာ လုပ်ဆောင်နိုင်ရည်ကို ခန့်မှန်းပြီး၊ပညာရှင်များကို လိုအပ်သလို၊သင့်လျော်စွာ ခန့်အပ်ထားသည့် လုပ်ငန်းရှင်ဟုတ်မဟုတ်ကို စစ်ဆေးနိုင်မည်ဖြစ်ပါသည်။

(၄) မှတ်ပုံတင်ထားသောလုပ်ငန်းရှင်နှင့် ထိုလုပ်ငန်းရှင်၏ ပညာရှင်များကသဘောတူထားသည့် ဘောင်အတွင်းရှိ ပညာရှင်၏ အခြေခံသတင်းအချက်အလက်နှင့် ပညာရှင်၏ လုပ်သက်ရာဇဝင်သတင်း အချက်အလက်များကို အခြားသော လုပ်ငန်းရှင်များလည်း ကြည့်ရှုနိုင်ရန် ပံ့ပိုးပေးနိုင်ပါသည်။ ဤသို့ ပံ့ပိုးခြင်းကြောင့် လုပ်ငန်းရှင်က ထူးချွန်သောပညာရှင်များရှိသည့် အခြားသောလုပ်ငန်းရှင်ကို သိရှိထားနိုင်ခြင်းနှင့် အကဲဖြတ်နိုင်ခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

(၅) ပင်မကန်ထရိုက်တာ၊ အထက်အဆင့်ရှိကန်ထရိုက်တာနှင့် လုပ်ငန်းရှင်တို့သည် ဆောက်လုပ်ဆဲ လုပ်ငန်းခွင်တွင် လုပ်ကိုင်မည့် ပညာရှင်နှင့် ပတ်သက်၍ ပညာရှင်၏အခြေခံ သတင်းအချက်အလက်နှင့် ထိုဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် ပညာရှင်၏ လုပ်သက်ရာဇဝင် အချက်အလက်

တို့ကို ကြည့်ရှုနိုင်ပါသည်။(သို့သော် အလုပ်ခွင်တွင် အလုပ်လုပ်ဆဲကာလနှင့် သက်ဆိုင်သောသတင်းအချက်အလက်များသာဖြစ်ရမည့်အပြင် အဆိုပါ ပညာရှင်နှင့် ၎င်း၏အလုပ်ရှင်၏သဘောတူညီမှုကို ရရှိ၊ မရရှိနှင့်မဆိုင်)၊ဆောက်လုပ်ဆဲလုပ်ငန်းခွင်အတွက်အလုပ်သမားများကို စီမံခန့်ခွဲထားခြင်းများ၊ လုံခြုံရေး၊ သန့်ရှင်းရေးတို့ကို ထိန်းချုပ်ရန် စာရင်းပြုစုရေး၊ လူမှုအာမခံဝင်ရောက်ထားခြင်းရှိ၊ မရှိ ဆောက်လုပ်ရေးလုပ်ငန်းမှ အငြိမ်းစား အပြန်အလှန်ထောက်ပံ့ခြင်းလက်မှတ်ကိုမှန်ကန်စွာထိန်းချုပ်နိုင်ရန်နှင့်အလုပ်သမားများ၏စွမ်းဆောင်နိုင်ရည်တိုးတက်စေရန်၊အရည်အသွေးတိုးတက်လာစေရန် စသည်တို့အတွက် အသုံးချနိုင်မည်ဖြစ်သည်။

၃။ မိမိတို့ဖောင်ဒေးရှင်းသည် မှတ်ပုံတင်ထားသောပညာရှင်နှင့် မှတ်ပုံတင်ထားသော လုပ်ငန်းရှင်အ ပေါ်တွင်၊ မှတ်ပုံတင်ထားသောအသုံးပြုသူ (Registered user)၏ ပထမဆုံးမျက်နှာပြင်(Portal Screen)တွင် ပြင်ပ အော်ပရေတာကြီးထဲမှ အကြောင်းကြားချက်များ၊လျှောက်လွှာပုံစံများအမေးနှင့် အဖြေများ၊ စစ်တမ်းမေး ခွန်းလွှာများကိုပံ့ပိုးပေးပါမည်။ ထပ်မံတိုးလာမည့်ဝန်ဆောင်မှုများအတွက် ဤဖောင်ဒေးရှင်း၏ ဝဘ်ဆိုဒ်ပေါ် တွင် ဖော်ပြပါမည်။ (http:// www.kensetsu-kikin.or.jp/ccus/)

## **အပိုဒ်၄။ မှတ်ပုံတင်ကြေး၊ အသုံးပြုခနှင့် ငွေပေးချေမှုနည်းလမ်း**

(၁)မှတ်ပုံတင်ထားသောအသုံးပြုသူ (Registered user)သည် ဤဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော ငွေ ပေးချေမှုနည်းလမ်းဖြင့် ဖောင်ဒေးရှင်းမှ သီးခြားသတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် အသုံးပြုခကိုပေး ဆောင်ရပါမည်။

(၂) မှတ်ပုံတင်ထားသောပညာရှင် (Registered technician)သည် အသုံးပြုရန်လျှောက်ထားစဉ်နှင့် သက် တမ်းတိုးချိန်တွင် မှတ်ပုံတင်ကြေးကို ပေးဆောင်ရပါမည်။

၃။ မှတ်ပုံတင်ထားသောလုပ်ငန်းရှင်သည် အောက်ပါ(၁)နှင့်(၂)တွင် သတ်မှတ်ထားသော အခကြေး ငွေများကို ပေးဆောင်ရပါမည်။

(၁) မှတ်ပုံတင်ကြေး

အသုံးပြုရန်လျှောက်ထားစဉ်နှင့် သက်တမ်းတိုးချိန်တွင် မတည်ရင်းနှီးငွေပေါ်မူတည်၍ ပေးဆောင်ရပါမည်။

(၂) အသုံးပြုကြေး

ဝန်ဆောင်မှုကို အသုံးချမည့် စာချုပ်ပါကာလအတွင်း ၌ အောက်ပါအသုံးပြုခများကို ပေးဆောင်ရပါမည်။

(a) တာဝန်ခံIDအသုံးပြုခ

မှတ်ပုံတင်ထားသောလုပ်ငန်းရှင်စုစုပေါင်းက အသုံးပြုသော တာဝန်ခံ ID၏ အရေအတွက်ပေါ်မူတည်၍ ပေးဆောင်ရပါမည်။

(b) လုပ်ငန်းခွင် (Site) အသုံးပြုခ

လုပ်ငန်းခွင်(Site)တွင် လုပ်ကိုင်မည့် ပညာရှင်၏လုပ်သက်ရာဇဝင်ကို မှတ်တမ်းတင်သည့်အကြိမ်ရေကိုလိုက်၍ ပေးဆောင်ရပါမည်။လုပ်ငန်းခွင်(site)အသုံးပြုခကို ပေးဆောင်ရမည့်မှတ်ပုံတင်ထားသော လုပ်ငန်းရှင်သည်တာဝန်အပ်နှင်းခံရသည့်တာဝန်ခံ၏ လုပ်ငန်းခွင်တာဝန်ခံ ID အသုံးပြုခကို ပေးဆောင်ရန်မလိုအပ်ပါ။

၄။ မှတ်ပုံတင်ထားသူကို(Registered user)က မှတ်ပုံတင်ကြေး ကို ပေးဆောင်ခြင်း မရှိပါက ဤဖောင်ဒေးရှင်းသည် မိမိတို့ ၏ ဝန်ဆောင်မှုအတွက် မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၅။ မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်က အသုံးပြုခကို ပေးဆောင်ခြင်းမရှိပါက ဤဖောင်ဒေးရှင်းသည် မိမိတို့ ၏ ဝန်ဆောင်မှု အသုံးပြုခြင်းကို ရပ်ဆိုင်းထားနိုင်ပါသည်။

၆။ မှတ်ပုံတင်ထားသူ (Registered user)က ပေးဆောင်ပြီးဖြစ်သော မှတ်ပုံတင်ကြေးနှင့် အသုံးပြုခတို့ကို မည်သည့် အကြောင်းပြချက်ဖြင့်မဆို ပြန်လည်ပေးအပ်မည်မဟုတ်ပါ။

**<u>အပိုဒ်၅။ အသုံးပြုရန် လျှောက်လွှာတင်ခြင်း(မှတ်ပုံတင်ခြင်း)</u>**

၁။ ဤဝန်ဆောင်မှုကို အသုံးပြုလိုသူ(အောက်တွင် မှတ်ပုံတင်လိုသူဟုခေါ်ဝေါ်မည်) သည်၊ ဤအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာရန် လိုအပ်သည့် အပြင်၊ ဤဖောင်ဒေးရှင်းက သတ်မှတ်ထားသော ထိုင်သင့်သည့် သတင်းအချက်အလက်များ(အောက်တွင် မှတ်ပုံတင်ရန် အချက်အလက်များဟုခေါ်ဝေါ်မည်)ကို ဤဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော နည်းလမ်းနှင့် ဤဖောင်ဒေးရှင်းသို့ပေးအပ် မည်ဆိုပါက၊ ဤဖောင်ဒေးရှင်း၏ ဝန်ဆောင်မှုကို အသုံးပြုရန် မှတ်ပုံတင်ခွင့်ကိုရရှိပြီး လျှောက်ထားနိုင်မည်။

၂။ ဤဖောင်ဒေးရှင်းသည် မိမိတို့ဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော စံနှုန်းနှင့်အညီ အထက်ပါအပိုဒ်ကို အခြေခံ၍ မှတ်ပုံတင်ရန် လျှောက်ထားသည့် မှတ်ပုံတင်သည့်(အောက်တွင် 「မှတ်ပုံတင်ရန်လျှောက်ထား သူ」 ဟုခေါ်ဝေါ်မည်)ကို မှတ်ပုံတင်နှင့်ပြုမပြုကို ဆုံးဖြတ်ပါမည်။ဤဖောင်ဒေးရှင်းက မှတ်ပုံတင်ခွင့်ပြုမည်ဆိုပါက၊ တင်ခွင့်ပြုကြောင်းကို မှတ်ပုံတင်ရန် လျှောက်ထားသူအား အကြောင်းကြားပါမည်။ မှတ်ပုံတင်ရန်လျှောက်ထားသူ၏ မှတ်ပုံတင်ထားသူ (Registered user)အနေဖြင့် မှတ်ပုံတင်ခြင်းကို ဤဖောင်ဒေးရှင်းက မှတ်ပုံတင်ခွင့်ကို အကြောင်းကြားပြီးနောက် ပြီးစီးမည်ဖြစ်ပါသည်။

၃။ အထက်ပါအပိုဒ်တွင်ဖော်ပြထားသောမှတ်ပုံတင်ခြင်းက ပြီးဆုံးပါက၊မှတ်ပုံတင်ထားသူ (Registered user)နှင့် ဤဖောင်ဒေးရှင်းတို့အကြား အသုံးပြုရန်စာချုပ်က အထမြောက်မည်ဖြစ်ပြီး မှတ်ပုံတင်ထားသူ (Registered user)သည် ဤဝန်ဆောင်မှုများကို ဤစည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုနိုင်ပါမည်။

၄။ မှတ်ပုံတင်ရန် လျှောက်ထားသူက အောက်ပါအချက်များထဲမှ တစ်ချက်ချက်နှင့်ငြိစွန်းပါက မှတ်ပုံတင်

ရန်နှင့်ထပ်မံမှတ်ပုံတင်ရန်ကို ဤဖောင်ဒေးရှင်းမှငြင်းဆိုနိုင်ပါသည်။ ထို့အပြင် ငြင်းဆိုသည့်အကြောင်းပြချက်ကို ထုတ်ဖော်ပြောဆိုရန် တရားဝင် တာဝန် ဝတ္တရားမရှိပါ။

(၁) ဤဖောင်ဒေးရှင်းသို့ပေးပို့သော မှတ်ပုံတင်ရန် အချက်အလက်များအားလုံးသို့မဟုတ် တစိတ်တဒေသက လိမ်ညာထားခြင်း၊ မမှန်ကန်ခြင်း သို့မဟုတ်ဖြည့်စွက်ရန် လိုအပ်ခြင်းစသည်တို့ ရှိခဲ့ပါက၊

(၂) အရွယ်မရောက်သေးသူ၊ အရွယ်ရောက်ပြီးသော်လည်း (အစဉ်သဖြင့် မိမိကိုယ်တိုင်ဆုံးဖြတ်ချက်ချရန် မတတ်နိုင်သူ၊ အရွယ်ရောက်ပြီးသော်လည်း သိသာထင်ရှားစွာဆုံးဖြတ်ချက်ချရန် မတတ်နိုင်သူ၊အ ရွယ်ရောက်ပြီးသော်လည်း လုံလောက်စွာဆုံးဖြတ်ချက်ချရန် မတတ်နိုင်သူ၊ စသည်တို့မှ တခုခုနှင့်သက် ဆိုင်သူဖြစ်ကာ၊ ဥပဒေအရ အုပ်ထိန်းသူ၊ အမွေကို ရောင်းချနိုင်ခွင့်မရှိသည့် အုပ်ထိန်းသူ၊ အမွေကို ရောင်းချရာတွင် အစဉ်အထောက်အပံ့ လိုအပ်သည့်အုပ်ထိန်းသူ၊ အမွေကိုရောင်းချရာတွင် တခါတရံ အထောက်အပံ့လိုအပ်သည့် အုပ်ထိန်းသူစသည့်တဦးဦး၏ သဘောတူညီချက်ကို ရရှိထားခြင်းမရှိ သည့်အခါ၊

(၃) လူ့ဘောင်ဘဝကို ဆန့်ကျင်နေသည့်အဖွဲ့အစည်းများ (လူဆိုးဂိုဏ်း၊ လူမိုက်ဂိုဏ်းဝင်များ၊ လူ့ဘောင် ဘဝဆန့်ကျင်သည့် အဖွဲ့အစည်းများ၊ ဤကဲ့သို့သော လူဆိုး၊လူမိုက်များကို ဆိုလိုသည်။ အောက်တွင်လည်းတူပါမည်။) ထိုသူများအပေါ် ထောက်ပံ့ငွေပေးအပ်ခြင်း၊ အခြားသော နည်းလမ်းများဖြင့် ဤလူ့ဘောင်ဘဝကို ဆန့်ကျင်နေသည့်အဖွဲ့အစည်းများကို ရပ်တည်စေခြင်း၊ စီမံခန့်ခွဲခြင်းသို့မဟုတ် စီးပွားရေးကိစ္စများတွင် ကူညီခြင်း၊သို့မဟုတ် ပါဝင်ခြင်း စသည့် လူ့ဘောင်ဘဝကို ဆန့်ကျင်နေသူများနှင့်တနည်းနည်းဖြင့်ပတ် သတ်၊ဆက်နွယ်နေသည်ဟု မိမိတို့ဖောင်ဒေးရှင်းက ယူဆသည့်အခါ၊

(၄) မှတ်ပုံတင်ရန်လျှောက်ထားသူက ယခင်က မိမိတို့ဖောင်ဒေးရှင်းနှင့်ချုပ်ဆိုထားသော စာချုပ်

များကိုဖောက်ဖျက်ခဲ့သူ(သို့မဟုတ်)ဖောက်ဖျက်ခဲ့သူနှင့်ပတ်သက်နေသူဟု မိမိတို့ဖောင်ဒေးရှင်း ကယူဆသည့်အခါ၊

(၅) အပိုဒ် ၂ တွင် ဖော်ပြထားသော အချက်များထဲမှ တချက်ချက်နှင့် ငြိစွန်းပါက၊

(၆) အခြားသောအချက်များ၊ဤစနစ်(System)ကို ကောင်းမွန်စွာ လည်ပတ်နိုင်စေရန် မသင့်လျော်ပါဟု မိမိတို့ဖောင်ဒေးရှင်းက ယူဆသည့်အခါ၊

## <u>အပိုဒ် ၆ ။ ။ အသုံးပြုရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ</u>

၁။ မှတ်ပုံတင်ထားသူ (Registered user)သည်၊ မှတ်ပုံတင်ရန် အချက်များထဲမှ ပြောင်းလဲမှုရှိပါက မိမိတို့ဖောင်ဒေးရှင်းက သတ်မှတ်ထားသော နည်းလမ်းဖြင့်၊အဆိုပါ ပြောင်းလဲမှုများကို မဆိုင်းမတွ မိမိတို့ဖောင်ဒေးရှင်းထံ အကြောင်းကြားရပါမည်။

၂။ မှတ်ပုံတင်ထားသူ (Registered user) သည်၊ဤဝန်ဆောင်မှု(Service)နှင့် သက်ဆိုင်သော ID (မှတ်ပုံတင်ထားသူအပေါ် မိမိတို့ဖောင်ဒေးရှင်းမှ ထုတ်ပေးထားသော၊အသုံးပြုသူ သို့မဟုတ် ထိုသူတို့၏ အဖွဲ့အစည်းအတွင်းကို ခွဲခြားသိမြင်နိုင်စေရန်အတွက် ရည်ရွယ်သော စာလုံး၊နံပါတ်၊အမှတ်အသားတို့အပြင် တံဆိပ်တို့ကိုဆိုလိုသည်။ စကားဝှက်နှင့် လုံခြုံရေးကုဒ်(အောက်တွင် ID စသည်တို့ ဟုခေါ်ဝေါ်မည်။ သေချာစွာ စီမံခန့်ခွဲခြင်း သို့မဟုတ် ထိန်းသိမ်းရပါမည်။ဤအရာများကို တတိယ ပါတီစသည့် အခြားသူများကို အသုံးပြုစေခြင်း သို့မဟုတ် ငှါးရမ်းခြင်း၊ပေးအပ်ခြင်း၊ အမည်ပြောင်းခြင်း၊ ရောင်းဝယ်ခြင်း တို့ကို မပြုလုပ်ရပါ။

၃။ ID စသည်တို့ကို သေချာစွာ စီမံခန့်ခွဲမှု မရှိသောကြောင့်သော်လည်းကောင်း၊ မှားယွင်းကာ အသုံး ပြုမိခြင်းကြောင့်သော်လည်းကောင်း၊ဖြစ်ပေါ်လာမည့် ဆုံးရှုံးမှုများအတွက် တာဝန်ကို IDစသည်တို့ကို ပိုင်ဆိုင်ထားသူက ခံယူရမည်ဖြစ်ကာ၊ မိမိတို့ဖောင်ဒေးရှင်းက တာဝန်ယူမည်မဟုတ်ပါ။ တစုံတရာ

သောအကြောင်းကြောင်းကြောင့် မိမိတို့ဖောင်ဒေးရှင်းက စိုက်လျှော်လိုက်ရပါက သက်ဆိုင်သည့် မှတ်ပုံတင်ထားသူ (Registered user) ကို လျော်ကြေးတောင်းပိုင်ခွင့်ရှိပါသည်။

**အပိုဒ် ၇။ ။တားမြစ်ချက်များ**

မှတ်ပုံတင်ထားသူ(Registered user)သည်၊ ဤဝန်ဆောင်မှုများကို အသုံးပြုရာတွင် အောက်ပါအချက်များထဲမှ တချက်ချက်ကို ဖောက်ဖျက်ခြင်း(သို့မဟုတ်)ဖောက်ဖျက်သည်ဟု မိမိတို့ဖောင်ဒေးရှင်းကသတ်မှတ်ထားသည် ကို ပြုလုပ်ခွင့်မပြုပါ။

(၁) ဥပဒေကို ဖောက်ဖျက်ခြင်း သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်သည့် လှုပ်ရှားမှုများ။

(၂) မိမိဖောင်ဒေးရှင်း၊ မိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုနေသူများ သာမက၊ အခြားသောတတိယ ပါတီတို့အပေါ် လိမ်လည်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။

(၃) အများပြည်သူ အနှောက်အယှက်ဖြစ်အောင်ဆောင်ရွက်ခြင်း။

(၄) မိမိတို့ဖောင်ဒေးရှင်း၊မိမိတို့၏ ဝန်ဆောင်မှု(service)ကို အသုံးပြုသူများ သို့မဟုတ် အခြားသော တတိယပါတီတို့၏ 「အသိဉာဏ်ပညာဆိုင်ရာ အခွင့်အရေးများ」(Intellectual property right)၊ ပုံရိပ်မူပိုင်ခွင့် (Portrait rights)၊ လွတ်လပ်ခွင့် (Privacy nights) ၊ ဂုဏ်အသရေ(Honor) ၊အခြားသော အခွင့်အရေးများ သို့မဟုတ် အကျိုးအမြတ်များကိုထိပါးခြင်း။

(၅) မိမိတို့၏ ဝန်ဆောင်မှု၏ကွန်ယက်(Network) သို့မဟုတ် စနစ်(System) အပေါ် အလွန်အကျွံဝန်ပိစေခြင်း။

(၆) မိမိတို့ ဝန်ဆောင်မှုများကို နှောက်ယှက်ခြင်း။

(၇) မိမိတို့ဖောင်ဒေးရှင်း၏ ကွန်ယက်(Network) သို့မဟုတ် စနစ်(System) စသည်တို့ကို ခိုးဝင်ခြင်း သို့မဟုတ် တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းခြင်း။

(၈) မမှန်ကန်သော သတင်းအချက်အလက်များကို မှတ်ပုံတင်ခြင်း။

(၉) တတိယပါတီ၊ပုဂ္ဂိုလ်အဖြစ် ဟန်ဆောင်ခြင်း။

(၁၀) အသုံးပြုခွင့်မရှိသော မိမိတို့ဝန်ဆောင်မှု၏ IDစသည်တို့ကို အသုံးပြုခြင်း။

(၁၁) မိမိတို့ ဖောင်ဒေးရှင်းထံမှ ကြိုတင်၍ ခွင့်ပြုချက်ရယူထားခြင်းမရှိဘဲ မိမိတို့၏ ဝန်ဆောင်မှုများ၌ ကြော်ငြာခြင်း၊ မြှုဆွယ်ခြင်း သို့မဟုတ် မားကတ်တင်းဆင်းခြင်း။

(၁၂) အပိုဒ်ပါဤဝန်ဆောင်မှုများ၏ ရည်ရွယ်ချက်များနှင့်ဆန့်ကျင်ကာ အခြားအသုံးပြုသူများ၏ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ အသုံးပြုခြင်း၊ တတိယပါတီသို့ပေးအပ်ခြင်း။

(၁၃) ဤဝန်ဆောင်မှုမှ ရရှိလာသော သတင်းအချက်အလက်များကို အသုံးပြု၍ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်သောဥပဒေအရ သတ်မှတ်ထားသော ကိုယ်ပိုင်မှတ်ပုံတင်အမှတ်များကို အသစ်တဖန်ပြုလုပ်ခြင်း အသုံးပြုခြင်း(မိမိတို့ဖောင်ဒေးရှင်းက ပြဒါန်းထားသော အသုံးပြုခွင့်ဆိုင်ရာ အချက်အလက်များ (ပိုင်ရှင်၏ သဘောတူညီချက်အပါအဝင်) ကိုပြည့်မှီရမည်ဖြစ်ပြီး၊ မိမိတို့ ဖောင်ဒေးရှင်းက ခွင့်ပြုထားကာ၊ မူလပိုင်ရှင်၏ သဘောတူညီချက်ရရှိထားပြီးပါက အကျုံးမဝင်ပါ။

(၁၄) မိမိတို့၏ ဝန်ဆောင်မှုတွင်၊ မိမိတို့၏ဖောင်ဒေးရှင်းက ထုတ်ပေးသောကဒ်နှင့် ပတ်သက်၍၊ ပိုင်ရှင်၏သဘောတူညီချက်မရရှိဘဲ ကဒ်အတွင်းရှိ သတင်းအချက်အလက်များကိုထုတ်ယူခြင်း။

(၁၅) မိမိတို့ဖောင်ဒေးရှင်း၊ မိမိတို့၏ ဝန်ဆောင်မှုကို အသုံးပြုနေသည့် အခြားသော ပုဂ္ဂိုလ်များ သို့မဟုတ် တတိယပါတီများကို အကျိုးယုတ်စေခြင်း၊ ဆုံးရှုံးနစ်နာစေခြင်း၊ စိတ်မချမ်းသာအောင် ပြုလုပ်ခြင်း။

(၁၆) မိမိတို့၏ ဖောင်ဒေးရှင်း၏ ဝဘ်ဆိုက်တွင် ဖော်ပြထားသော ဤဝန်ဆောင်မှုကို အသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (http:// www.kensetsu-kikin.or.jp/ccus/)ကို ဖောက်ဖျက်သည့် အပြုအမူ။

(၁၇) လူ့ဘောင်ဘဝကို အနှောက်အယှက်ပေးနေသည့် အဖွဲ့အစည်းများကို အကျိုးကျေးဇူးပြုခြင်း။

(၁၈) အထက်ဖော်ပြပါ အချက်များကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် လွယ်ကူအောင် ပြုလုပ်ခြင်း။

(၁၉) အခြားသောအချက်များမှာ စနစ်(System)ကို သင့်လျော်စွာ လည်ပတ်နိုင်စေရန် ရှုထောင့်မှကြည့်လျှင် မိမိတို့ဖောင်ဒေးရှင်းက မသင့်လျော်ဟု ယူဆရသော လုပ်ဆောင်မှုများ၊

## အပိုဒ် ၈။ ။မိမိတို့၏ ဝန်ဆောင်မှုများကို ကြားဖြတ်ရပ်နားခြင်းနှင့် ရပ်ဆိုင်းခြင်း

၁။ မိမိတို့ဖောင်ဒေးရှင်း သည် အောက်ဖော်ပြပါ အချက်များထဲမှ တချက်ချက်နှင့် ငြိစွန်းပါက မှတ်ပုံတင်ထားသူ (Registered user) ကို ကြိုတင်အကြောင်းကြားခြင်း မပြုဘဲ၊ မိမိတို့ ဝန်ဆောင်မှု၏ အလုံးစုံကိုသော်လည်းကောင်း၊ တစိတ်တဒေသကိုသော်လည်းကောင်း ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်နားခြင်းကို ပြုလုပ်ပါမည်။

(၁) မိမိတို့၏ ဝန်ဆောင်မှုနှင့် သက်ဆိုင်သော ကွန်ပြူတာ၊ စနစ်(System)တို့ကို စစ်ဆေးခြင်း၊ သို့မဟုတ် ပြုပြင်မွမ်းမံခြင်း စသည်တို့ကို အရေးပေါ် ဆောင်ရွက်ရာတွင်လည်းကောင်း။

(၂) ကွန်ပြူတာ၊ဆက်သွယ်ရေးလိုင်းများက မတော်တဆ ပြတ်တောက်သွားသည့်အခါ။

(၃) ငလျင်၊ မိုးကြိုးပစ်ခြင်း၊ မီးဘေးသင့်ခြင်း၊ မုန်တိုင်းနှင့်ရေဘေးသင့်ခြင်း၊ မီးပျက်ခြင်း၊ သဘာဝဘေး အန္တရာယ်ကျရောက်ခြင်းစသည့် မလွန်ဆန်နိုင်သော ကိစ္စရပ်များ ဖြစ်ပေါ်လာပါက၊ မိမိတို့၏ဝန်ဆောင်မှုများကို မလုပ်ဆောင်နိုင်သည့်အခါ။

(၄) အခြားသော အချက်များမှာ စနစ်(System)ကို သင့်လျော်စွာ လည်ပတ်နိုင်စေရန် ရှုထောင့်မှကြည့်လျှင် မိမိတို့ဖောင်ဒေးရှင်းက ရပ်ဆိုင်းသို့မဟုတ်ရပ်နားရန် လိုအပ်သည်ဟု ယူဆရသောအခါ။

၂။ မိမိတို့ ဖောင်ဒေးရှင်းသည် ဤအချက်များကို မူတည်၍ မိမိတို့၏ ဖောင်ဒေးရှင်းက လုပ်ဆောင်ခဲ့သည့်

အရာများကြောင့် မှတ်ပုံတင်ထားသူ(Registered user)၏ ဆုံးရှုံးနစ်နာမှုများအတွက် တာဝန်ယူမည် မဟုတ်ပါ။

**<u>အပိုဒ် ၉ ။ ။ဝန်ဆောင်မှုကို အသုံးပြုရာတွင် ရောက်ရှိနေသော အဆင့်ကို တပါးသူအား လွှဲပြောင်းပေးအပ်ခြင်း စသည်တို့</u>**

၁။ မှတ်ပုံတင်ထားသူ (Registered user)သည်၊ မိမိတို့၏ဖောင်ဒေးရှင်းထံမှ တရားဝင်စာဖြင့် ခွင့်ပြုမိန့်ကို ရယူခြင်းမရှိဘဲ၊ ဝန်ဆောင်မှုကို အသုံးပြုရာတွင်(စာချုပ်ပါ) ရောက်ရှိနေသောအဆင့် သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ရရှိပိုင်ခွင့်ရှိသည့် အခွင့်အရေး သို့မဟုတ် တာဝန်များကို တတိယပါတီသို့ ပေးအပ်ခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်းနှင့် အခြားသောနည်းလမ်းဖြင့် စွန့်လွှတ်ခြင်းတို့ကို ခွင့်မပြုပါ။

၂။ မိမိတို့ဖောင်ဒေးရှင်းသည် ဤဝန်ဆောင်မှုနှင့်ပတ်သက်သော လုပ်ငန်းကို အခြားသူအားလွှဲပြောင်းရာတွင် အဆိုပါလုပ်ငန်းလွှဲပြောင်းခြင်းနှင့် ပတ်သက်သော ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်အရ ရောက်ရှိနေသောအဆင့်၊ ဤစည်းမျဉ်းစည်းကမ်းများအရ ရပိုင်ခွင့်များနှင့်တာဝန်များတို့အပြင်၊ မှတ်ပုံတင်ထားသူ(Registered user)က မှတ်ပုံတင်ထားသည့်အချက်အလက်များ၊ အခြားသောဖောက်သည်များ၏ သတင်းအချက်အလက်များကို ဤလုပ်ငန်းများကို လက်ပြောင်းယူမည့် သူထံသို့ လွှဲပြောင်း ပေးအပ်နိုင်ပါသည်။ ဤကဲ့သို့ လွှဲပြောင်းပေးအပ်ခြင်းကို မှတ်ပုံတင်ထားသူ(Registered user)က ကြိုတင်၍ သဘောတူညီထားပြီးဖြစ်ကြောင်း မှတ်ယူပါမည်။ ထို့အပြင် ဤအပိုဒ်ပါ လွှဲပြောင်း ပေးအပ်ခြင်းဆိုသည်မှာ ပုံမှန်လုပ်ငန်းလွှဲပြောင်းခြင်းသာမက၊ကုမ္ပဏီကိုခွဲ၍ အခြားသောလုပ်ငန်းရှင် များထံသို့ ပေးအပ်သည့် အလုံးစုံသောကိစ္စများ အကျုံးဝင်ပါသည်။

**အပိုဒ် ၁၀ ။ ။အာမခံမှငြင်းဆိုခြင်းနှင့် ငြင်းပယ်ခြင်း**

၁။ မိမိတို့ဖောင်ဒေးရှင်းသည် ဤဝန်ဆောင်မှုက မှတ်ပုံတင်ထားသူ (Registered user) ၏ အထူး ရည်ရွယ်ချက်နှင့်ကိုက်ညီခြင်း၊ မျှော်မှန်းထားသောစွမ်းဆောင်နိုင်ရည်၊ ပစ္စည်းအရတန်ဖိုး၊ မှန်ကန်ခြင်း၊ အသုံးဝင်ခြင်း၊ မှတ်ပုံတင်ထားသူက ဤဝန်ဆောင်မှုများကို အသုံးပြုရန် မှတ်ပုံတင်လိုက်ခြင်းအားဖြင့် သက်ဆိုင်ရာ ဥပဒေအရသော်လည်းကောင်း၊ သက်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများအတွင်း၌ သတ်မှတ်ထားသော အချက်အလက်များနှင့် ကိုက်ညီ၍သော်လည်းကောင်း၊ သို့မဟုတ် ပြဿနာတစုံတရာ မပေါ်ပေါက်လာခြင်း စသည်တို့အပေါ်တွင် အာမခံပေးထားခြင်း မဟုတ်ပါ။

၂။ မိမိတို့ ဖောင်ဒေးရှင်းသည် မိမိတို့ဖောင်ဒေးရှင်းကြောင့် ဖြစ်ပေါ်လာမည့် မိမိတို့၏ ဝန်ဆောင်မှုပေးခြင်းကိုရပ်နားခြင်း၊ ရပ်ဆိုင်းခြင်း၊ ပြီးဆုံးစေခြင်း၊ အသုံးမပြုနိုင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် မှတ်ပုံတင်ထားသူက မိမိတို့၏ ဝန်ဆောင်မှုထံသို့ ပို့ခဲ့သောသတင်း(Message) သို့မဟုတ် သတင်းအချက်အလက်များကို ဖျက်ဆီးမိခြင်း၊ ပျောက်ဆုံးသွားခြင်း၊ မှတ်ပုံတင်ထားသူတို့၏ မှတ်တမ်းကို ဖျက်လိုက်ခြင်း၊ မိမိတို့၏ ဝန်ဆောင်မှုကို အသုံးပြုရန် မှတ်ပုံတင်ထားသော အချက်အလက်များ ပျောက်ပျက်သွားခြင်း၊ သို့မဟုတ် စက်ပစ္စည်းများ ပျက်စီးခြင်း၊ ထိခိုက်ခြင်းနှင့် ဤဝန်ဆောင်မှုနှင့်ပတ်သက်သည့် မှတ်ပုံတင်ထားသူ(Registered user)၏ အခြားသော ဆုံးရှုံးနစ်နာမှုများနှင့် ပတ်သက်၍ (အောက်တွင် 「သုံးစွဲသူ၏ နစ်နာမှု」 (User damage) ဟုခေါ်ဝေါ်ပါမည်) ကိုတာဝန်ယူမည်မဟုတ်ပါ။

၃။ တစ်စုံတစ်ရာသော အကြောင်းရင်းကြောင့် မိမိတို့ ဖောင်ဒေးရှင်းက တာဝန်ယူခဲ့ရသော် မိမိတို့ဖောင်ဒေးရှင်းသည် သုံးစွဲသူ၏ နစ်နာမှု (User damage)နှင့် ပတ်သက်၍ လွန်ခဲ့သော ၁၂လ တာကာလအတွင်း မှတ်ပုံတင်ထားသူ(Registered user)က မိမိတို့ဖောင်ဒေးရှင်းထံသို့ ပေးသွင်းခဲ့သည့် ငွေပမာဏထက် ကျော်လွန်ပြီး လျော်ကြေးပေးရန် တာဝန်မရှိပါ။ထို့အပြင် ဆက်စပ်နေသော ဆုံးရှုံးမှုများ၊ သွယ်ဝိုက်ဆုံးရှုံးမှုများ၊ အထူးဆုံးရှုံးမှုများ၊ အနာဂတ်၏အကျိုးအမြတ်အတွက် ဆုံးရှုံးမှုများ၊ မရရှိနိုင်တော့မည့် ဆုံးရှုံးမှု

များအတွက် လျှော်ပေးရန် တာဝန်ယူမည်မဟုတ်ပါ။

၄။ မိမိတို့၏ ဝန်ဆောင်မှု(Service) သို့မဟုတ် မိမိတို့ဖောင်ဒေးရှင်း၏ ဝဘ်ဆိုဒ်နှင့်ပတ်သက်၍ မှတ်ပုံတင်ထားသူ (Registered user)နှင့် အခြားသော မှတ်ပုံတင်ထားသူ သို့မဟုတ် တတိယပါတီတို့အကြား ပေါ်ပေါက်လာသော အပေးအယူ၊ ဆက်သွယ်မှု၊ အငြင်းပွားမှုစသည်တို့ အပေါ်တွင် မိမိတို့ ဖောင်ဒေးရှင်းသည် တာဝန်ယူမည်မဟုတ်ပါ။

**<u>အပိုဒ်၁၁။ ။ ဆက်သွယ်ခြင်း၊ အကြောင်းကြားခြင်း</u>**

မိမိတို့ဝန်ဆောင်မှုနှင့် ပတ်သက်သော စုံစမ်းမေးမြန်းခြင်း၊ အခြားသောကိစ္စရပ်များဖြစ်သည့်မှတ်ပုံတင်ထားသူ (Registered user)ထံမှ မိမိတို့ ဖောင်ဒေးရှင်းသို့ ဆက်သွယ်လာခြင်း၊ အကြောင်းကြားခြင်း၊ထို့အတူ ဤစည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲခြင်းနှင့်သက်ဆိုင်သည့်အကြောင်းကြားခြင်း၊ အခြားသောကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ဖောင်ဒေးရှင်းမှ မှတ်ပုံတင်ထားသူ (Registered user)သို့ ဆက်သွယ်ရာတွင်သော်လည်းကောင်း၊ အကြောင်းကြားရာတွင်သော်လည်းကောင်း၊ မိမိတို့ဖောင်ဒေးရှင်းမှ သတ်မှတ်ထားသောနည်းလမ်းဖြင့် ဆောင်ရွက်ရပါမည်။

**<u>အပိုဒ် ၁၂။ ။ အသုံးပြုမှုကို ပယ်ဖျက်ခြင်း</u>**

၁။ မိမိတို့ဖောင်ဒေးရှင်းသည် မှတ်ပုံတင်ထားသူ(Registered user)က အောက်ဖော်ပြပါ အချက်များအနက် တခုခုကို ဖောက်ဖျက်ခဲ့သည်ဆိုပါက ကြိုတင်၍ အကြောင်းကြားခြင်း သို့မဟုတ် အသိပေးခြင်း မရှိဘဲ၊ အဆိုပါ မှတ်ပုံတင်ထားသူ(Registered user)အပေါ် မိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုရန် ယာယီရပ်ဆိုင်းထားခြင်း သို့မဟုတ် အဆိုပါမှတ်ပုံတင်ထားသူ အဖြစ်မှပယ်ဖျက်ခြင်း၊ သို့မဟုတ် ဝန်ဆောင်မှု စာချုပ်ကို ဖျက်သိမ်းခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။

(၁) မိမိတို့၏ စည်းမျဉ်းစည်းကမ်းများထံမှ တစ်ချက်ချက်ကို ဖောက်ဖျက်ပါက။

(၂) မှတ်ပုံတင်ထားသော လုပ်ငန်းရှင်ဖြစ်သော်လည်း ငွေပေးချေမှုကို ရပ်ဆိုင်းထားခြင်း သို့မဟုတ် မပေးဆောင်နိုင်ခြင်း၊ သို့မဟုတ် ဒေဝါလီခံရန်စတင်လုပ်ဆောင်ခြင်း (ပုဂ္ဂလိ၊သို့မဟုတ် ကုမ္ပဏီပြန်လည်ထူထောင်ရန် စတင်လုပ်ဆောင်ခြင်း၊ အစုအဖွဲ့ သို့မဟုတ် ကုမ္ပဏီ ပြန်လည်ထူထောင်ရန်စတင်လုပ်ဆောင်ခြင်း၊ တရားရုံး၏ကွပ်ကဲမှုအောက်တွင် ကုမ္ပဏီပြန်လည်ထူထောင်ရန် စတင်လုပ်ဆောင်ခြင်း သို့ မဟုတ် ဤကဲ့သို့သော ကိစ္စရပ်များနှင့်ဆင်တူသော ဆောင်ရွက်မှုများကို စတင်လုပ်ဆောင်နေပါသည်ဟု အကြောင်းကြားလာသောအခါ။

(၃) မိမိတို့၏ ဝန်ဆောင်မှုကို ၁၂လကျော် အသုံးပြုခြင်းမရှိပါက။

(၄) မိမိတို့ဖောင်ဒေးရှင်းထံမှ လှမ်း၍စုံစမ်းခြင်း၊ အခြားသောဖြေမှုများကို ဖြေကြားပေးပါရန် တောင်းဆိုခြင်းနှင့်ပတ်သက်၍ ၁၄ ရက်ကျော်ကာလအတွင်း၌ ပြန်လည်ဖြေကြားခြင်းမရှိပါက။

(၅) အပိုဒ် ၅၊ နံပတ်၄ တွင် ဖော်ပြထားသည့် အချက်တခုချင်းစီနှင့် သက်ဆိုင်နေသည့်အခါ။

(၆) အခြားေသာ အချက်များ စနစ်(System) ကို သင့်လျော်စွာ လည်ပတ်နိုင်စေရန် ရှုထောင့်မှကြည့်လျှင် မိမိတို့ဖောင်ဒေးရှင်းက မိမိတို့၏ ဝန်ဆောင်မှုကို အသုံးချခြင်း၊ မှတ်ပုံတင်ထားသူ (Registered user)အနေဖြင့် မှတ်ပုံတင်ခြင်း၊ သို့မဟုတ် ဝန်ဆောင်မှု(Service)ကို ဆက်လက်အသုံးပြုသွားနိုင်ရန်အတွက် စာချုပ်ချုပ်ဆိုရန် မသင့်တော်ဟု သတ်မှတ်ခံရပါက။

၂။ အထက်ဖော်ပြပါ အချက်များထဲမှ တစ်ချက်ချက်နှင့်ငြိစွန်းပါက မှတ်ပုံတင်ထားသူသည် မိမိတို့ ဖောင်ဒေးရှင်းထံမှ ရရှိသင့်သည့် အကျိုးကျေးဇူးများကို ဆုံးရှုံးသွားမည်ဖြစ်ကာ၊ မိမိတို့ဖောင်ဒေးရှင်းအပေါ် ပေးအပ်ရန်ရှိသည်များကို မဆိုင်းမတွ ပေးဆောင်ရပါမည်။

၃။ မိမိတို့ ဖောင်ဒေးရှင်းသည် ဤအချက်များအရ ဆောင်ရွက်ခဲ့သည်များနှင့်ပတ်သက်၍၊ မှတ်ပုံတင်ထားသူ (Registered user)က ဆုံးရှုံးသွားမည့် နစ်နာမှုများအပေါ် တာဝန်ခံရန်မလိုအပ်ပါ။

## အပိုဒ်၁၃။ ။နုတ်ထွက်ခြင်း

၁။ မှတ်ပုံတင်ထားသူ(Registered user)သည် မိမိတို့ ဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော နည်းလမ်းနှင့် အညီ ဖောင်ဒေးရှင်းသို့ အကြောင်းကြားခြင်းဖြင့် မိမိတို့ဝန်ဆောင်မှုကို ခံယူခြင်းမှ နုတ်ထွက်နိုင်ပြီး၊ မိမိ ၏ မှတ်ပုံတင်ထားသူ(Registered user)အနေဖြင့် မှတ်ပုံတင်ထားသည်ကို ဖျက်သိမ်းနိုင်ပါသည်။

၂။ နုတ်ထွက်ခြင်းနှင့်ပတ်သက်၍ မိမိတို့ဖောင်ဒေးရှင်းအပေါ် ပေးရန်အကြွေးရှိခဲ့ပါက မှတ်ပုံတင်သူ (Registered user)သည် ကျန်ရှိနေသော အကြွေးအားလုံးကို မဆိုင်းမတွ ပေးဆပ်ရမည်ဖြစ်ပြီး၊ မိမိတို့ ဖောင်ဒေးရှင်းထံမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများလည်း ဆုံးရှုံးသွားမည်ဖြစ်ပါသည်။

၃။ နုတ်ထွက်ပြီးသော မှတ်ပုံတင်ထားသူနှင့် ပတ်သက်၍ ၊မှတ်ပုံတင်ထားစဉ်ကာလ အတွင်း၌ စုဆောင်း ထားခဲ့သော အချက်အလက်များကို နုတ်ထွက်ပြီးနောက်ပိုင်းတွင်လည်း ဆက်လက်၍ အပိုဒ်၁၇တွင် ပြဌာန်းထားသည်နှင့်အညီ ထိန်းသိမ်းသွားပါမည်။

## အပိုဒ်၁၄။ ။မိမိတို့၏ဝန်ဆောင်မှုများကို ပြောင်းလဲခြင်း၊ ပြီးဆုံးစေခြင်း

၁။ မိမိတို့ဖောင်ဒေးရှင်းသည် မိမိတို့၏အခြေအနေအရ မိမိတို့၏ဝန်ဆောင်မှုများ (Service) တွင် ပါဝင် သည်များကို ပြောင်းလဲခြင်း၊ သို့မဟုတ် ပြီးဆုံးစေခြင်း စသည်တို့ကို ဆောင်ရွက်နိုင်သည်။ မိမိတို့ ဖောင်ဒေးရှင်းက မိမိတို့၏ ဝန်ဆောင်မှု (Service) ကို ရပ်ဆိုင်းတော့မည်ဆိုပါက မိမိတို့ဖောင်ဒေးရှင်း က မှတ်ပုံတင်ထားသူများထံ ကြိုတင်၍ အကြောင်းကြားပါမည်။

၂။ မိမိတို့ ဖောင်ဒေးရှင်းသည် ဤအပိုဒ်အရ မိမိတို့ကဆောင်ရွက်ခဲ့သည်များကြောင့်၊ မှတ်ပုံတင်ထား သူ(Registered user)က တစုံတရာ နစ်နာသွားသော်လည်းတာဝန်ယူမည်မဟုတ်ပါ။

**အပိုဒ် ၁၅ ။ ။အသုံးပြုရန် စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲခြင်း**

မိမိတို့ဖောင်ဒေးရှင်းသည် မိမိတို့၏ စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲပိုင်ခွင့်ရှိပါမည်။ ဤစည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲလိုက်သည်ဆိုပါက၊ ထိုပြောင်းလဲလိုက်သည့် အကြောင်းအရာများကို အကြောင်းကြားရမည်ဖြစ်ကာ၊ ထိုသို့အကြောင်းကြားပြီးနောက် မှတ်ပုံတင်ထားသူက မိမိတို့၏ ဝန်ဆောင်မှု(Service) ကို အသုံးချခဲ့လျှင်သော်လည်းကောင်း၊ မိမိတို့ဖောင်ဒေးရှင်းမှ သတ်မှတ်ထားသည့်ကာလအတွင်း၌နုတ်ထွက်ခြင်းမရှိခဲ့လျှင်သော်လည်းကောင်း၊ မှတ်ပုံတင်ထားသူ (Registered user)သည် ပြောင်းလဲသွားသော စည်းမျဉ်းစည်းကမ်းများကို သဘောတူညီသည်ဟု မှတ်ယူပါမည်။

**အပိုဒ်၁၆ ။ ။လျှို့ဝှက်ချက်များကို စောင့်ထိန်းခြင်း**

မှတ်ပုံတင်ထားသူ (Registered user)သည် မိမိတို့၏ ဝန်ဆောင်မှု(Service)နှင့်ပတ်သက်၍၊ မိမိတို့၏ ဖောင်ဒေးရှင်းမှ မိမိအပေါ်၌ လျှို့ဝှက်ထားရန်လိုအပ်သည်ဟု အသိပေးပြီး၊ ထုတ်ပေးခဲ့သည့် အများမသိသင့်သည့်သတင်းအချက်အလက်များကိုမိမိတို့ဖောင်ဒေးရှင်းမှစာဖြင့် ခွင့်ပြုချက်မရသ၍ လျှို့ဝှက်ထားရပါမည်။

**အပိုဒ် ၁၇။ ။ကိုယ်ရေးကိုယ်တာအချက်အလက်များကို အသုံးပြုရန် ရည်ရွယ်ချက်နှင့် ကာကွယ်ခြင်း**

၁။ မိမိတို့ဖောင်ဒေးရှင်းက မှတ်ပုံတင်ထားသူ(Registered user)၏ အသုံးပြုသူတို့၏ သတင်းအချက် အလက်များကို စီမံကိုင်တွယ်ခြင်းနှင့်ပတ်သက်၍၊ ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တက်စေရန် စနစ် (Construction Career Up System) ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်စောင့်ရှောက်ရေး မူဝါဒ(http:// www.kensetsu-kikin.or.jp/ccus/)တွင် ပြဌာန်းထားသည့် အတိုင်း ကျင့်သုံးမည်ဖြစ်ပြီး၊ မှတ်ပုံတင်ထားသူသည် ဤကိုယ်ရေးကိုယ်တာအချက်အလက်များကာ

ကွယ်ရေးမူဝါဒနှင့်အညီ မိမိတို့ဖောင်ဒေးရှင်းက မှတ်ပုံတင်ထားသူ(Registered user)၏ အသုံးပြုသူတို့၏ သတင်းအချက်အလက်များကို စီမံကိုင်တွယ်ခြင်းကို သဘောတူသည်ဟု ယူဆပါမည်။

၂။ မိမိတို့ဖောင်ဒေးရှင်းထံပေးအပ်လာသော မှတ်ပုံတင်ထားသူ (Registered user) ၏ သတင်းအချက်အလက်များ၊ ဒေတာများကို မည်သူမည်ဝါဖြစ်ကြောင်း ခြေရာခံမလိုက်နိုင်အောင် ပုံသဏ္ဍာန်ပြောင်းပြီး၊ စာရင်းအင်း အချက်အလက်များအနေဖြင့် မိမိတို့ဖောင်ဒေးရှင်း၏ ဆုံးဖြတ်ချက်အရ အသုံးချနိုင်သည့်အပြင်၊ ထုတ်ပြန်နိုင်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ မှတ်ပုံတင်ထားသူက ကန့်ကွက်နိုင်မည် မဟုတ်ပါ။

**<u>အပိုဒ်၁၈။ ။မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်၏ သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်း</u>**

မိမိတို့ ဖောင်ဒေးရှင်းသည် တရားဝင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော လုပ်ငန်းရှင်နှင့်ပတ်သက်၍၊ မိမိတို့၏ ဝန်ဆောင်မှုကို ခံယူရန် မှတ်ပုံတင်ထားသော လုပ်ငန်းရှင်၏ ID၊ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုသောအမည် သို့မဟုတ် ကုမ္ပဏီအမည်၊ လိပ်စာစသည့်သတင်းအချက်အလက်များကို ထုတ်ပြန်နိုင်ခွင့် ရှိပါသည်။

**<u>အပိုဒ် ၁၉။ ။သပ်သပ်စီဖြစ်နိုင်ချေရှိခြင်း</u>**

မိမိတို့၏ စည်းမျဉ်းစည်းကမ်းများထဲမှ တစ်ချက်ချက်ကသော်လည်းကောင်း၊၄င်း၏ တစိတ်တဒေသကသော်လည်းကောင်း၊ စားသုံးသူများ၏ စာချုပ်စာတမ်းဆိုင်ရာဥပဒေနှင့် အခြားသောဥပဒေတို့ကြောင့်၊ အကျိုးသက်ရောက်မှုက တရားမဝင်ခြင်း သို့မဟုတ် အကောင်အထည်ဖော်ရန် မဖြစ်နိုင်ဟုသတ်မှတ်ခံရသည့်တိုင်အောင် ကျန်ရှိနေသော စည်းမျဉ်းစည်းကမ်းများသည် ဆက်လက်၍ အကျိုးသက်ရောက်မှုရှိနေဦးမည်ဖြစ်ပါသည်။

**အပိုဒ် ၂၀။ ။မူပိုင်ခွင့်**

၁။ မိမိတို့ဖောင်ဒေးရှင်း၏ ဝဘ်ဆိုက်နှင့် မိမိတို့၏ ဝန်ဆောင်မှု(Service)နှင့် ပတ်သက်သော 「အသိဉာဏ် ပညာဆိုင်ရာ အခွင့်အရေးများ」 (Intellectual property right) များ အားလုံးသည် မိမိတို့ ဖောင်ဒေးရှင်း နှင့် မိမိတို့ဖောင်ဒေးရှင်းအပေါ် အသုံးပြုခွင့် ပေးအပ်ထားသူများက ပိုင်ဆိုင်ပါသည်။ မိမိတို့၏စည်းမျဉ်းစည်း ကမ်းများနှင့်အညီ အသုံးပြုခွင့်ပေးထားသည်များသည် မိမိတို့ဖောင်ဒေးရှင်း၏ ဝဘ်ဆိုဒ်နှင့် မိမိတို့၏ ဝန် ဆောင်မှုနှင့် ပတ်သက်သော မိမိတို့၏ ဖောင်ဒေးရှင်းနှင့် ဖောင်ဒေးရှင်းအပေါ် အသုံးပြုခွင့် လိုင်စင်ပေးအပ် ထား သူများ၏ 「အသိဉာဏ် ပညာဆိုင်ရာ အခွင့်အရေးများ」 (Intellectual property right) ၏အသုံးပြု ခြင်းကို ခွင့်ပြုထားသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

၂။ မှတ်ပုံတင်ထားသူ (Registered user) သည် မိမိတို့ဖောင်ဒေးရှင်းနှင့် ဖောင်ဒေးရှင်းထံမှ အခွင့်အရေးကို ဆက်လက် လက်ခံရရှိထားသူ သို့မဟုတ် ခွင့်ပြုခံရသူ အပေါ်တွင် ကျင့်ဝတ္တရားနှင့်အညီ ဖောက်ဖျက်ခြင်း မပြုပါဟု သဘောတူညီထားသည်ဟု ယူဆခံရပါမည်။

**အပိုဒ် ၂၁။ ။ရိုးသားမှု**

မိမိတို့၏ စည်းမျဉ်းစည်းကမ်းများတွင် ပါဝင်ဖော်ပြထားခြင်း မရှိသော အကြောင်းအရာများ သို့မဟုတ် အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အထင်မှားနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်လာပါက၊ ရိုးသားမှုကို အခြေခံကာ၊ မှတ်ပုံ တင်ထားသူ (Registered user) နှင့် မိမိတို့ ဖောင်ဒေးရှင်းတို့အကြား၊ ညှိနှိုင်းကာ ဆုံးဖြတ်ကြရပါမည်။

**အပိုဒ်၂၂။ ။သက်ဆိုင်သည့်ဥပဒေနှင့် သက်ဆိုင်သည့်တရားရုံး**

၁။ မိမိတို့၏ စည်းမျဉ်းစည်းကမ်းများနှင့် ဝန်ဆောင်မှုကို အသုံးပြုရန်စာချုပ်စာတမ်းများသည် ဂျပန်နိုင်ငံ၏ ဥပဒေနှင့်သာ သက်ဆိုင်စေရမည်။ ထို့အပြင် မိမိတို့၏ ဝန်ဆောင်မှုကို အခြေခံပြီးပစ္စည်းကို အရောင်းအဝယ် ပြုလုပ်ပါသော်ငြားလည်း ကုလသမဂ္ဂ၏ တရားဝင်သဘောတူညီချက်အရ ကုန်ပစ္စည်းများ အပြည်ပြည်ဆိုင် ရာ ကူးလူးရောင်းဝယ်ရေး သဘောတူညီချက် (United Nations Convention on Contracts for the International Sale of Goods) သည် အကျုံးမဝင်ပါဟု သဘောတူညီထားသည်ဟု ယူဆပါမည်။

၂။ မိမိတို့၏ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းဆိုင်ရာ စာချုပ်ကြောင့် သော် လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း အငြင်းပွားမှုဖြစ်ပေါ်လာပါက တိုကျိုဒေသန္တရ တရားရုံးကို ကနဦး ကြားနာရမည့် တရားရုံးအဖြစ် သတ်မှတ်ထားပါသည်။